ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ရခိုင်ပြည်နယ်လွှတ်တော်

# ၂၀၁၂ ခုနှစ်၊ ရခိုင်ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ၂၀၁၂ ခုနှစ်၊ ရခိုင်ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ

(၂၀၁၂ ခုနှစ်၊ ရခိုင်ပြည်နယ် လွှတ်တော်ဥပဒေအမှတ် ၃။ )

၁၃၇၃ ခုနှစ်၊ တန်ခူးလဆန်း ၁၂ ရက်

(၂၀၁၂ ခုနှစ်၊ ဧပြီလ ၃ ရက်)

ရခိုင်ပြည်နယ်လွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

## အပိုင်း ၁

## အမည်နှင့်စတင်အကျိုးသက်ရောက်သည့်နေ့ရက်

၁။ (က) ဤဥပဒေကို ၂၀၁၂ ခုနှစ်၊ ရခိုင်ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွက် သက်ဆိုင်စေပြီး ၂၀၁၂ခုနှစ်၊ ဧပြီလ ၁ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

## အပိုင်း ၂

## ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများ၊ စည်ပင်သာယာရေးအဖွဲ့များ

### အခန်း(၁)

### ရငွေများနှင့်သုံးငွေများ

၂။ ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ် တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊

ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့် ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် ပြည်နယ်၏ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ ဆောင်ရွက်၍ရသော ရငွေများကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသောသုံးငွေများကိုပြည်နယ်ဘဏ္ဍာ ရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) ပြည်နယ်အစိုးရအဖွဲ့၊ပြည်နယ်လွှတ်တော်၊ ပြည်နယ် တရားလွှတ်တော်၊ ပြည်နယ် ဥပဒေချုပ်၊ ပြည်နယ် စာရင်းစစ်ချုပ်၊ပြည်နယ်ဝန်ကြီးဌာနများ၊ပြည်နယ် အဆင့် ဦးစီးဌာနများ နှင့် စည်ပင်သာယာရေးအဖွဲ့ များ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်း ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁)၊ (၂)၊ (၃) နှင့်(၄)တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ် ကောက်ခံခြင်းနှင့်သုံးငွေ တို့ကို စီမံခန့်ခွဲခြင်း ပြုရမည်။

(ခ) ပုဒ်မခွဲ(က)ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိ လက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ် အသီးသီး အား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကိုစီမံ ကြီးကြပ် ကောက်ခံရာတွင် လည်း ကောင်း၊ သုံးငွေ များကို စီမံ ခန့်ခွဲရာတွင် လည်း ကောင်း ဤဥပဒေပါပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၄။ (က) ပြည်နယ် အစိုးရအဖွဲ့သည် ပြည်နယ်အဆင့် ဌာန အဖွဲ့အစည်းများ နှင့်စည်ပင်သာယာရေးအဖွဲ့များ ၏လုပ်ငန်းအရ လိုအပ်လျှင် ဇယား(၁)၊ (၂)၊ (၃) နှင့် (၄)တို့တွင် ဖော်ပြထားသော ငွေများကို ပြောင်းလဲ ပေး နိုင်သည်။ ထိုသို့ ငွေများ ပြောင်းလဲခြင်း နှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော် သို့ တင်ပြသော ၂၀၁၂-၂၀၁၃ ခုနှစ် အတွက် ပြုပြင်ပြီး ခန့်မှန်းခြေ ငွေစာရင်းများ တွင် အကျိုးအကြောင်း ဖော်ပြချက် များနှင့်အတူထည့်သွင်းဖော်ပြရမည်။

(ခ) ပြည်နယ် အစိုးရအဖွဲ့သည် လုပ်ငန်း လုပ်ကိုင်ရန် သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန် သော်လည်း ကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့် ဖြစ်စေ ပြည်ထောင်စုအစိုးရထံမှ ရယူ ဆောင်ရွက် နိုင်သည်။

၅။ ပြည်နယ်အဆင့် ဌာနအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေး အဖွဲ့များသည် မိမိတို့နှင့်သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ အရ ခွင့်ပြု ထားသော အခွန်အကောက် အမျိုးအစား များကိုသာ ကောက်ခံနိုင်သည်။

**အခန်း(၂)**

**ငွေချေးယူခြင်း**

၆။ ပြည်နယ်အစိုးရအဖွဲ့သည် လုပ်ငန်းစီမံချက်များအတွက်ဖြစ် စေ၊ ပြည်နယ်၏ ရသုံးခန့်မှန်းခြေငွေစာရင်းပါ အသုံးစရိတ် အတွက် ဖြစ်စေ ငွေချေးယူနိုင်သည်။ ထိုသို့ ချေးငွေ ရယူ သည့်အခါ သင့်တင့်သည်ဟု ထင်မြင်သည့် အတိုးနှုန်းများ သတ်မှတ် ၍ ပေးနိုင်သည်။ ပြန်ဆပ်ရန် သို့မဟုတ် အခြားနည်း စီမံရန် စည်းကမ်းချက်များကိုလည်း ပြုလုပ်နိုင်သည်။

**အပိုင်း ၃**

**နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ**

၇။ ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများ သည် စီမံကိန်း ရည်မှန်းချက်များအရ မိမိတို့၏ ဘဏ္ဍာငွေ အပေါ် ရပ်တည်၍ လုပ်ငန်းများကို စီးပွားရေးဆန်ဆန် မိမိ တို့၏ ဘဏ္ဍာငွေ အစီအစဉ်ဖြင့်ဆောင်ရွက် ကြရမည်။

၈။ (က) ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသည့် ငွေများ သည် ပြည်နယ်အဆင့်နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့ အစည်းများက စီမံကိန်း ရည်မှန်းချက်များ အရ

ထမြောက် အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ရန် ရည်မှန်းထားသော ငွေများ ဖြစ်သည်။

(ခ) ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ ၏ ရငွေ နှင့် သုံးငွေ အတွက် တာဝန်ပေးအပ်ခြင်း ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၅) နှင့် (၆) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေ တို့ကို စီမံကြီးကြပ် ကောက်ခံခြင်း နှင့် သုံးငွေ တို့ကို စီမံခန့်ခွဲ ခြင်းပြုရမည်။

(ဂ) ရငွေများကို စီမံကြီးကြပ် ကောက်ခံရာတွင် လည်းကောင်းသုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

(ဃ) ပြည်နယ် အစိုးရအဖွဲ့သည် ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများ၏ လုပ်ငန်းအရ လိုအပ်လျှင် ဇယား (၅) နှင့် (၆)တို့တွင် ဖော်ပြထားသော ငွေများကို ပြောင်းလဲပေးနိုင်သည်။ ထိုသို့ငွေများကို ပြောင်းလဲ ခြင်းနှင့်စပ်လျဉ်း ၍ ပြည်နယ်လွှတ်တော်သို့ တင်ပြ သော ၂၀၁၂-၂၀၁၃ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်း များတွင် အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(လက်မှတ်)

လှမောင်တင်
ဝန်ကြီးချုပ်
ရခိုင်ပြည်နယ်အစိုးရအဖွဲ့

# ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်

ဇယား(၁)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | ကြေးမြီ | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | တရားရုံးများ | ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်က တာဝန်ပေးသူ | | | ၂၀.၃၃၅ | | | | | | |
| ၂ | ဥပဒေရုံးများ | ပြည်နယ်ဥပဒေချုပ် သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ကတာဝန်ပေးသူ | | | ၀.၀၃၀ | | | | | | |
| ၃ | စာရင်းရုံးများ | ပြည်နယ်စာရင်းစစ်ချုပ် သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်ကတာဝန်ပေးသူ | | | ၀.၀၆၉ | | | | | | |
| | | ပေါင်း | | | ၂၀.၄၃၄ | | | | | | |

# ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်

ဇယား(၂)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | တရားရုံးများ | ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်က တာဝန်ပေးသူ | ၄၃၅.၃၂၀ | | | ၁၉၂.၁၂၀ | | | |
| ၂ | ဥပဒေရုံးများ | ပြည်နယ်ဥပဒေချုပ် သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ကတာဝန်ပေးသူ | ၂၆၀.၀၄၇ | | | | | | |
| ၃ | စာရင်းရုံးများ | ပြည်နယ်စာရင်းစစ်ချုပ် သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်ကတာဝန်ပေးသူ | ၃၃၄.၀၂၉ | | | | | | |
| | | ပေါင်း | ၁၀၇၁.၉၉၆ | | | ၁၉၂.၁၂၀ | | | |

# ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၃)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှရငွေ | ကြွေးမြီ: ထုတ်ချေးငွေအတွက်ပြန်ရငွေ | ကြွေးမြီ: ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | | ပြည်တွင်းထွက်ကုန်နှင့်ပြည်သူပြည်သားများသုံးစွဲမှုအပေါ်တွင် ကောက်ခံသည့်အခွန်အကောက် | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၁၅၄ .၀၄၇ | | | | | | | | |
| | ၁ | ယစ်မျိုးခွန် | | ၁၅၄ .၀၄၇ | | | | | | | | |
| ၂ | | နိုင်ငံပိုင်ပစ္စည်းများအသုံးပြုသည့်အပေါ်တွင် ကောက်ခံသည့်အခွန်အကောက် | ၎င်း | ၃၉၂ .၂၄၃ | | | | | | | | |
| | ၁ | မြေယာပေါ်တွင်ကောက်ခံသည့်အခွန် | | ၅ .၅၃၄ | | | | | | | | |
| | ၂ | တာတမံခွန် | | ၀ .၁၉၀ | | | | | | | | |
| | ၃ | သစ်တောများမှပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် | | ၁၁၀ .၂၀၀ | | | | | | | | |
| | ၄ | ဓာတ်သတ္တုပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် | | ၂ .၁၀၀ | | | | | | | | |
| | ၅ | အင်းအိုင်ခွန် | | ၂၆၆ .၁၃၁ | | | | | | | | |
| ၃ | | စည်ပင်သာယာရေးကော်မတီများနှင့် စည်ပင်သာယာရေး အဖွဲ့များမှကောက်ခံသည့်အခွန် | ၎င်း | ၁၇၇ .၂၀၇ | | | | | | | | |
| | ၁ | ပစ္စည်းခွန် | | ၁၄၁ .၆၉၂ | | | | | | | | |
| | ၂ | ဘီးခွန် | | ၃၅ .၅၁၅ | | | | | | | | |
| ၄ | | ပြည်နယ်အဆင့်နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများမှရငွေ | ၎င်း | | ၁၀၀၉ .၀၁၉ | | | | | | | |

# ပြည်နယ်ဝန်ကြီးဌာနများ၊ပြည်နယ်အဆင့် ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၃

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှရငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ |
| | | | | | | | | | | ထုတ်ချေးငွေအတွက် ပြန်ရငွေ | ချေးယူရငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၅ | | ပြည်ထဲရေး | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၁၄၁ .၀၁၅ | | | ၁၀၀၀ .၀၀၀ | | | |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | | | ၁၄၀ .၀၃၃ | | | ၁၀၀၀ .၀၀၀ | | | |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | | | ၀ .၀၄၂ | | | | | | |
| | ၃ | အကျဉ်းဦးစီးဌာန | | | | ၀ .၉၄၀ | | | | | | |
| ၆ | | လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း | ၄င်း | | | ၄ .၁၇၀ | | | | | | |
| | ၁ | စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန | | | | ၄ .၁၇၀ | | | | | | |
| ၇ | | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာ | | | | ၄ .၂၀၀ | | | | | | |
| | ၁ | သစ်တောဦးစီးဌာန | | | | ၄ .၂၀၀ | | | | | | |
| ၈ | | ဘဏ္ဍာရေးနှင့်အခွန် | ၄င်း | | | | | | ၄၁၀၆၃ .၈၉၉ | | | |
| | ၁ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | | | | | | ၄၁၀၆၃ .၈၉၉ | | | |
| ၉ | | ဆောက်လုပ်ရေး | ၄င်း | | | ၁၄၀ .၄၆၈ | | | | | | |
| | ၁ | မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန | | | | ၀ .၄၆၈ | | | | | | |
| | ၂ | အဆောက်အအုံနှင့်လမ်းတံတားများ ပြင်ဆင်ထိန်းသိမ်းခြင်း | | | | ၁၄၀ .၀၀၀ | | | | | | |

# ပြည်နယ်ဝန်ကြီးဌာနများ၊ပြည်နယ်အဆင့် ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၃)။ ။အဆုံး
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ<br>အခွန်အကောက် | ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှရငွေ | ကြွေးမြီ<br>ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ကြွေးမြီ<br>ချေးယူရငွေ | အဖွဲ့ အစည်းများတွင် ရင်းနှီးငွေမှရငွေ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၉ | | **အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး** | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၀ .၀၁၀ | | | | | | |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | | | ၀ .၀၁၀ | | | | | | |
| ၁၀ | | **မွေးမြူရေးနှင့်ရေလုပ်ငန်း** | -၄င်း- | | | ၈ .၀၀၆ | | | | | | |
| | ၁ | ငါးလုပ်ငန်းဦးစီးဌာန | | | | ၄ .၁၃၈ | | | | | | |
| | ၂ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | | | | ၃ .၈၆၈ | | | | | | |
| ၁၁ | | **သမဝါယမ** | -၄င်း- | | | ၂ .၉၇၁ | | | | | | |
| | ၁ | သမဝါယမဦးစီးဌာန | | | | ၂ .၃၇၁ | | | | | | |
| | ၂ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | | | ၀ .၆၀၀ | | | | | | |
| ၁၂ | | **အားကစား** | -၄င်း- | | | ၀ .၀၃၅ | | | | | | |
| | ၁ | အားကစားနှင့်ကာယပညာဦးစီးဌာန | | | | ၀ .၀၃၅ | | | | | | |
| ၁၃ | | **စည်ပင်သာယာရေးအဖွဲ့များ** | -၄င်း- | | | ၃၃၁၂ .၆၂၁ | | | | | | |
| | | ပေါင်း | | ၇၂၄ .၂၉၇ | ၁၀၀၉ .၀၁၉ | ၃၆၁၃ .၅၀၄ | | | ၄၂၀၆၃ .၀၉၉ | | | |

# ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့် ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၄)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | | ပြည်ထဲရေး | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၃၄၀၄.၉၆၂ | | ၁၀၂၅.၀၀၀ | ၅၆၅.၉၁၂ | | | |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | ၂၁၀၀.၉၀၀ | | ၁၀၂၅.၀၀၀ | ၃၉၂.၆၅၀ | | | |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | ၇၆.၆၄၉ | | | | | | |
| | ၃ | အကျဉ်းဦးစီးဌာန | | ၁၁၄၇.၃၃၃ | | | ၁၇၃.၂၆၂ | | | |
| ၂ | | လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း | ၄င်း | ၆၀၄.၉၂၉ | | | | | | |
| | ၁ | စိုက်ပျိုးရေးဦးစီးဌာန | | ၅၉၀.၂၆၄ | | | | | | |
| | ၂ | စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန | | ၉၃.၆၆၅ | | | | | | |
| ၃ | | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာ | ၄င်း | ၄၀၀.၀၅၄ | | | ၁၄၂.၉၅၀ | | | |
| | ၁ | သစ်တောဦးစီးဌာန | | ၄၀၀.၀၅၄ | | | ၁၄၂.၉၅၀ | | | |
| ၄ | | ဘဏ္ဍာရေးနှင့် အခွန် | ၄င်း | ၄၂.၅၀၁ | | | | | | |
| | ၁ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | ၄၂.၅၀၁ | | | | | | |
| ၅ | | ဆောက်လုပ်ရေး | ၄င်း | ၃၆၁၃၀.၂၁၉ | | | | | | |
| | ၁ | မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန | | ၁၇.၀၂၅ | | | | | | |
| | ၂ | အဆောက်အအုံနှင့်လမ်းတံတားများပြင်ဆင်ထိန်းသိမ်းခြင်း | | ၃၆၁၁၂.၁၉၄ | | | | | | |

## ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့် ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၄)။ ။အသုံး

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ - သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ - ထုတ်ချေးငွေ | ကြွေးမြီ - ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
|---|---|---|---|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၅ | | အမျိုးသားစီမံကိန်းနှင့်စီပွားရေးဖွံ့ဖြိုးတိုးတက်မှု | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၂၃၀ .၇၆၉ | | | ၂၀၂ .၉၇၆ | | | |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | ၂၃၀ .၇၆၉ | | | ၂၀၂ .၉၇၆ | | | |
| ၆ | | **မွေးမြူရေးနှင့်ရေလုပ်ငန်း** | ၄င်း | ၃၀၅ .၆၉၅ | | | ၄၃ .၇၀၀ | | | |
| | ၁ | ငါးလုပ်ငန်းဦးစီးဌာန | | ၂၀၉ .၇၀၀ | | | ၄၃ .၇၀၀ | | | |
| | ၂ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | | ၉၅ .၉၉၅ | | | | | | |
| ၇ | | **အလုပ်သမား** | ၄င်း | ၁၀ .၁၁၆ | | | | | | |
| | ၁ | ဗဟိုပြည်တွင်းကုန်တင်ကုန်ချကော်မတီရုံး | | ၁၀ .၁၁၆ | | | | | | |
| ၈ | | **သမဝါယမ** | ၄င်း | ၃၀၄ .၁၅၀ | | | ၀ .၆၂၀ | | | |
| | ၁ | သမဝါယမဦးစီးဌာန | | ၂၉၄ .၁၈၆ | | | | | | |
| | ၂ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | ၉ .၉၆၄ | | | ၀ .၆၂၀ | | | |
| ၉ | | **အားကစား** | ၄င်း | ၅၆၇ .၉၁၇ | | | ၂၀ .၂၉၂ | | | |
| | ၁ | အားကစားနှင့်ကာယပညာဦးစီးဌာန | | ၅၆၇ .၉၁၇ | | | ၂၀ .၂၉၂ | | | |
| ၁၀ | | **စည်ပင်သာယာရေးအဖွဲ့များ** | ၄င်း | ၁၄၄၆ .၁၃၀ | | | ၂၃၀၀ .၉၉၃ | | | |
| | | ပေါင်း | | ၄၃၆၂၃ .၅၂၂ | | ၁၀၂၅ .၀၀၀ | ၃၂၉၃ .၄၄၃ | | | |

# ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ

ဇယား(၅)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှရငွေ | ကြေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ |
| | | | | | | | | | | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးယူရငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | | ပြန်ကြားရေး | ပြည်နယ်ဝန်ကြီးချုပ်သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၁၄ .၇၅၁ | | | | | | |
| | ၁ | မြန်မာ့ရုပ်ရှင်လုပ်ငန်း | | | | ၁၄ .၇၅၁ | | | | | | |
| ၂ | | ဆောက်လုပ်ရေး | ၄င်း | | | ၆၀၂၂၄ .၀၉၄ | | | | | | |
| | ၁ | ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း | | | | ၆၀၂၂၄ .၀၉၄ | | | | | | |
| ၃ | | သတ္တုတွင်း | ၄င်း | | | ၂၀ .၀၅၀ | | | | | | |
| | ၁ | မြန်မာ့ဆားနှင့်အဏ္ဏဝါဓါတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း | | | | ၂၀ .၀၅၀ | | | | | | |
| ၄ | | စက်မှု | ၄င်း | | | ၁၂၂ .၃၅၃ | | | | | | |
| | ၁ | မြန်မာ့အိမ်သုံးပစ္စည်းလုပ်ငန်း | | | | ၁၂၂ .၃၅၃ | | | | | | |
| | | ပေါင်း | | | | ၆၀၃၉၀ .၀၄၀ | | | | | | |

# ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ

ဇယား(၆)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | | ပြန်ကြားရေး | ပြည်နယ်ဝန်ကြီးချုပ်သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်ကတာဝန်ပေးသူ | ၁၆.၀၀၀ | | | | | | |
| | ၁ | မြန်မာ့ရုပ်ရှင်လုပ်ငန်း | | ၁၆.၀၀၀ | | | | | | |
| ၂ | | ဆောက်လုပ်ရေး | ၎င်း | ၅၇၈၁၄.၅၁၀ | | | ၃၉၈.၄၂၄ | | | |
| | ၁ | ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း | | ၅၇၈၁၄.၅၁၀ | | | ၃၉၈.၄၂၄ | | | |
| ၃ | | သတ္တုတွင်း | ၎င်း | ၄၀.၀၀၀ | | | | | | |
| | ၁ | မြန်မာ့ဆားနှင့်အဏ္ဏဝါဓါတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း | | ၄၀.၀၀၀ | | | | | | |
| ၄ | | စက်မှု | ၎င်း | ၁၁၁.၀၀၀ | | | ၂၃၅.၀၅၀ | | | |
| | ၁ | မြန်မာ့အိမ်သုံးပစ္စည်းလုပ်ငန်း | | ၁၁၁.၀၀၀ | | | ၂၃၅.၀၅၀ | | | |
| | | ပေါင်း | | ၅၇၉၈၁.၅၁၀ | | | ၆၃၃.၄၇၄ | | | |